**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နေပြည်တော်ကောင်စီ**

**အမိန့်အမှတ်(၅၁/၂၀၂၀)**

၁၃၈၂ ခု၊ ကဆုန်လပြည့်ကျော် ၈ ရက်

၂၀၂၀ပြည့်နှစ်၊ မေလ ၁၄ ရက်

## အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID-19) ကြိုတင်ကာကွယ်နိုင်ရေးအတွက် အများပြည်သူသိရှိလိုက်နာဆောင်ရွက်ရန် အမိန့်ကြော်ငြာစာ

၁။ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID-19) ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ ဌာနအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များနှင့် အများပြည်သူများအနေဖြင့် လူစုလူဝေးဖြင့် ကျင်းပပြုလုပ်ရမည့် အခမ်းအနားများ၊ ပွဲလမ်းသဘင်များ မပြုလုပ်ရန်၊ ရုပ်ရှင်ရုံများ၊ ဘော်ဒါဆောင်များ၊ မူကြိုကျောင်းများ ဖွင့်လှစ်ခြင်း မပြုလုပ်ရန်အတွက် နေပြည်တော်ကောင်စီ၏ (၂၆-၄-၂၀၂၀)ရက်စွဲပါ အမိန့်အမှတ်(၄၀/၂၀၂၀)ဖြင့် ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာသည် ၂၀၂၀ပြည့်နှစ်၊ မေလ(၁၅)ရက်နေ့အထိ အတည်ဖြစ်ကြောင်း ထုတ်ပြန်ကြော်ငြာခဲ့ပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ရာ ဤအမိန့်ကြော်ငြာချက်အား ထုတ်ပြန်သည့်နေ့မှ ၂၀၂၀ပြည့်နှစ်၊ မေလ(၃၁)ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ်ကြောင်း ထုတ်ပြန်ကြော်ငြာလိုက်သည်။

ဒေါက်တာမျိုးအောင်
ဥက္ကဋ္ဌ
နေပြည်တော်ကောင်စီ